လူထုဗဟိုပြု စီမံကိန်း

# ကျား-မရေးရာ တန်းတူ ညီမျှမှုဆိုတာ ဘာလဲ



ကျေးလက်လူထုအခြေပြု ဖွံ့ဖြိုးမှုကို တို့ရေးရှ

J

J

# လူထုဗဟိုပြုစီမံကိန်းမှ ယုံကြည်လျက်ရှိသော ကျား–မ တန်းတူ ညီမျှမှု

ကျား-မရေးရာ ဆိုသည်မှာ လူမှုပတ်ဝန်းကျင်မှ ဖန်တီးသင်ကြားပေးလိုက်သော အမျိုးသမီး၊ အမျိုးသားတို့အကြားရှိ ကွဲပြားခြားနားသည့် အမူအကျင့်များနှင့် အမျိုးသမီး၊ အမျိုးသားများ အတွက် ပုံသေသတ်မှတ်ထားသည့် အခန်းကဏ္ဍများ ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရသော် လူမှုအဖွဲ့အစည်းက အမျိုးသား၊ အမျိုးသမီးများ လိုက်နာရမည့် စည်းကမ်းချက်များကို ချမှတ်လေ့ ရှိပါသည်။ ဥပမာ- ယောကျ်ားလေးက အပြင်ထွက်နိုင်ပြီး မိန်းကလေးက အိမ်တွင်းမှာပဲ နေရမည်ဟူသော အတွေး။ ယောကျ်ားလေးက သူ ကြီးပြင်းလာ သည့်အချိန်တွင် မိသားစု စီးပွားရေးလုပ်ငန်းကို ဦးဆောင်နိုင်ရမည်၊ အလုပ်ကောင်းကောင်းရမည် ဟုဆိုသော ယုံကြည်ချက်နှင့် ယောကျ်ားလေးကို ကျောင်းကောင်းကောင်းထားပေးပြီး မိန်း ကလေးများ၏ ပညာရေးကို အလေးမပေးကြခြင်း စသည်တို့ ဖြစ်သည်။ ထို အမျိုးသားနှင့် အမျိုး သမီးများအပေါ် ထားရှိသော လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်း သတ်မှတ်ချက်များ၊ အဓိပ္ပာယ် ခွဲခြား ဖွင့်ဆိုချက်များကို ကျား-မ ရေးရာဟု ခေါ်ပါသည်။

အမျိုးသားနှင့် အမျိုးသမီးတို့အပေါ် သတ်မှတ်ထားသော လူမှုရေးဆိုင်ရာ ခြားနားမှုများကို သဘာဝက ဖန်တီးထားခြင်း မဟုတ်ပါ။ သဘာဝက အဖို၊ အမကိုသာ ဖန်တီးခဲ့ပြီး လူ့အသိုင်းအဝိုင်း က အမျိုးသား၊ အမျိုးသမီးများအဖြစ် ပြောင်းလဲစေကာ မိန်းမဆန်ခြင်း၊ ယောကျ်ားဆန်ခြင်းတို့ကို ဖြစ်စေခဲ့ပါသည်။ လူများ၏ သတ်မှတ်ချက်ကို လူများကသာ ပြောင်းလဲနိုင်ပြီး လိင် (ဖို၊ မ သဘာဝ) ကွဲပြားခြားနားမှုအပေါ် ခွဲခြားဆက်ဆံခြင်း မပြုရန်သာ အရေးကြီးပါသည်။

# လူထုဗဟိုပြုစီမံကိန်းမှ ကျား–မရေးရာ တန်းတူ ညီမျှမှု ရှိရေးအတွက် ဘာတွေဖော်ဆောင်နေပါသလဲ

## လုပ်ဆောင်ချက် (၁)

**စီမံကိန်း အကောင်အထည်ဖော်ဆောင်လျက်ရှိသော ရပ်ကွက်-ကျေးရွာရှိ စီမံကိန်း အထောက်အကူပြု ကော်မတီများတွင် အမျိုးသမီး၊ အမျိုးသား (၅၀း၅၀) အချိုး ညီမျှမှုရှိရေး**

ရပ်ကွက်၊ ကျေးရွာရှိ စီမံကိန်း အထောက်အကူပြု ကော်မတီများတွင် ပါဝင်သော အမျိုးသမီး၊ အမျိုးသား (၅၀ း ၅၀) အချိုးညီမျှမှု ဆိုရာတွင် အရေအတွက်ကိုသာ ပြောခြင်းမဟုတ်ပါ၊ အမျိုးသမီးများ၏ တက်တက်ကြွကြွပါဝင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရမည့်အပြင် အမျိုးသမီးများ ပါဝင်လာနိုင်ရန်ကိုလည်း တွန်းအားပေးမှုသည် အရေးကြီးသည်။ အမျိုးသမီးများသည် နဂိုမူလ အလုပ်များသောသူများ ဖြစ်သည့်အလျောက် အစည်းအဝေးများ ပြုလုပ်ရာတွင် ၎င်းတို့လာနိုင်သော အချိန်နှင့် နေရာတို့ကို စဉ်းစားပေးခြင်းတို့ ပါပါသည်။ ထို့ပြင် အမျိုးသမီးများဟုဆိုရာတွင် အုပ်စုတစ်စု၊ လူမျိုးတစ်မျိုးကိုသာ ရည်ရွယ်ခြင်း မဟုတ်ပါ။ လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းစီမံချက်များတွင် အမျိုးသမီးတို့၏အသံကို စုစည်းရာတွင် အမျိုးမျိုးသော အမျိုးသမီးထုများ၊ ဖယ်ကြဉ်ခံထားရသော အမျိုးသမီးများအားလုံးကိုလည်း ပါဝင်လာနိုင်အောင် စည်းရုံးတွန်းအားပေးခြင်းတို့ကို လူထုဗဟိုပြုစီမံကိန်းမှ လုပ်ဆောင်လျက် ရှိသည်။



# လုပ်ဆောင်ချက် (၂)

## စီမံကိန်း အထောက်အကူပြု ကော်မတီများထဲမှ မည်သည့်ဆပ်ကော်မတီဝင်များတွင်မဆို အနည်းဆုံး အမျိုးသမီးတစ်ဦး ပါဝင်ရေး


စီမံကိန်း အထောက်အကူပြု ကော်မတီများထဲမှ ဆပ်ကော်မတီတိုင်းတွင် အနည်းဆုံး အမျိုးသမီးတစ်ဦး ပါဝင်ရေးဟု ဆိုရာတွင်လည်း အရေအတွက်ကိုသာ ပြောခြင်းမဟုတ်ပါ။ ၎င်းဆပ်ကော်မတီဝင်များသည် အရေးကြီးသောအခန်းကဏ္ဍတွင် လှုပ်ရှားနေရပြီး စီမံခန့်ခွဲမှုများကို နေ့စဉ်နှင့်အမျှ လုပ်ကိုင်နေကြရသည်။ ထိုကဏ္ဍများ အထူးသဖြင့် ဘဏ္ဍာရေးနှင့် ဝယ်ယူရေးများတွင် အမျိုးသမီးများကို ထည့်သွင်းခြင်းအားဖြင့် ၎င်းတို့၏ ဦးဆောင်နိုင်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်များ မြင့်တက်လာစေမည် ဖြစ်ပါသည်။ သို့သော် အထူးသတိထားရန်အချက်မှာ အမျိုးသမီးများသည် အရေအတွက်အားဖြင့် ပါဝင်နေသော်လည်း ထိုအမျိုးသမီးများ ခေါင်းဆောင်မှု နေရာနှင့် ဆုံးဖြတ်ချက်ချသည့် နေရာများတွင် အမှန်တကယ် ပါဝင်နိုင်ခြင်း ရှိ/မရှိ သုံးသပ်ရန် လိုအပ်ပါသည်။ အကယ်၍ ခေါင်းဆောင်မှုအပိုင်းတွင် ပါဝင်နိုင်ခြင်း မရှိပါက မည်ကဲ့သို့ တွန်းအားပေး လုပ်ဆောင်ရမည်ကို ဆန်းစစ်ခြင်းများ ပြုလုပ်ရပါမည်။ ထို့ပြင် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ပိုမို တက်တက်ကြွကြွနှင့် ပါဝင်နိုင်စေရန်အတွက်လည်း မည်ကဲ့သို့သော နည်းလမ်းများဖြင့် လုပ်ဆောင်ပေးရမည်ကို ထည့်သွင်း စဉ်းစားရန် လိုအပ်ကြောင်း စီမံကိန်းတွင် ပါဝင်နေသော ဦးတည်အုပ်စုများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ပညာပေး လုပ်ဆောင်လျက် ရှိပါသည်။



## လုပ်ဆောင်ချက် (၃)

### ကျေးရွာနှင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီများတွင် အမျိုးသမီးခေါင်းဆောင်/ဥက္ကဋ္ဌတစ်ဦး ပါဝင်ရေး

ကျေးရွာနှင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီများသည် စီမံခန့်ခွဲမှုများကို လုပ်ဆောင်နေရသောကြောင့် ခေါင်းဆောင်/ဥက္ကဋ္ဌနေရာတွင် အမျိုးသမီးတစ်ဦး ပါဝင်ရေးသည် အရေးကြီးသည်။ တစ်ခါတစ်ရံတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့် ကလေးသူငယ်ပြုစုရေး အပြင် အခြားသော ဝင်ငွေရလုပ်ငန်းများနှင့်လည်း အချိန်ကုန်နေကြရသောကြောင့် စီမံကိန်းရှိ အရေးကြီးသော ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရန် ခက်ခဲနေပေလိမ့်မည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်လာနိုင်ရန်အတွက် ခေါင်းဆောင်တာဝန်များကို အမျိုးသားများနှင့် ပူးပေါင်း တာဝန်ယူ လုပ်ကိုင်ခြင်း၊ အမျိုးသမီး/အမျိုးသားကြား အိမ်တွင်း/ အိမ်ပြင် တာဝန်ခွဲဝေခြင်း၊ အပြန်အလှန် လေးစားခြင်းများ ထားရှိခြင်းဖြင့် အမျိုးသမီးခေါင်းဆောင်များ ပိုမို ပေါ်ထွက်လာနိုင်သည့်အပြင် အမျိုးသမီးတို့၏ စကားသံများကို အမျိုးသမီးထု ကိုယ်စား တင်ပြနိုင်မည်ဖြစ်သည်။ အထူးသတိပြုရန်မှာ ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် အမျိုးသမီးများ အရေအတွက်အားဖြင့် ပါဝင်စေခြင်းမဟုတ်ဘဲ အမှန်တကယ် ဆုံးဖြတ်ချက်ချနိုင်သည့် နေရာသို့ ရောက်ရှိလာစေရန် တွန်းအားပေး လုပ်ဆောင်မှုများကို ဆန်းစစ် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။



# လုပ်ဆောင်ချက် (၄)

## ကျေးရွာအုပ်စုများတွင် အကောင်အထည် ဖော်လျက်ရှိသော စီမံကိန်း လုပ်ငန်းခွဲများမှ အမျိုးသမီး အုပ်စုများ ရွေးချယ်အကြံပြုထားသော လုပ်ငန်းစီမံချက် အနည်းဆုံး တစ်ခုဖြစ်ရေး

အမျိုးသမီးများ သဘောတူလိုက်ရသော စီမံကိန်းကို အကောင်အထည်ဖော်ရုံနှင့် အမျိုးသမီးဘက်မှ ဦးစားပေး ရွေးချယ်သော စီမံကိန်းဟု မဆိုလိုနိုင်ပါ။ အမျိုးသမီးများ သဘောတူလာအောင် အတင်းလုပ်ယူခြင်းမျိုး မဟုတ်ဘဲ အမျိုးသမီးများ၏ အမှန်တကယ် လိုအပ်ချက်များကို အချိန်ယူ ရှာဖွေဖော်ထုတ်ခြင်း၊ မြေယာမရှိသော/ဖယ်ကြဉ်ခံထားရသော အမျိုးသမီးများ၏အသံ၊ သက်ကြီးရွယ်အို အမျိုးသမီးများနှင့် ဆင်းရဲသူ အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖော်ထုတ်နိုင်သော နေရာတစ်ခု ရရှိလာရန် ဖန်တီးပေးမှုများ လုပ်ဆောင်ရပါမည်။ ထိုသို့ ဖြစ်လာနိုင်ရန်လည်း လူထုဗဟိုပြုစီမံကိန်းမှ လုပ်ဆောင်လျက် ရှိပါသည်။



# လုပ်ဆောင်ချက် (၅)

## တူညီသော အလုပ်အတွက် တူညီသော လုပ်အားခ ရရှိရေး

တူညီသောအလုပ်အတွက် တူညီသော လုပ်အားခ ရရှိခံစားခွင့်ဆိုသည်မှာ တူညီသော အလုပ်အခြေအနေကို လုပ်ကိုင်သော အမျိုးသား အမျိုးသမီးများသည် လုပ်အားခကို တူညီစွာ ရရှိရမည်ဟု ဆိုလိုသည်။ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ နှင့် အမျိုးသားများအတွက် အလုပ်အကိုင်အခွင့်အရေး တူညီစွာရရှိရေးကို ဖန်တီးပေးသင့်သည်။ ထို့အပြင် အမျိုးသမီးများအတွက် ပိုမိုထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ပါက ၎င်းတို့သည် အမျိုးသား များနှင့် တန်းတူ ပါဝင် လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ တန်းတူ ပါဝင် လုပ်ကိုင်နိုင်ရေးအတွက် အဟန့်အတားဖြစ်နေသည့် မည်သည့်အတားအဆီးကိုမဆို ဖယ်ရှားပေး ရန် လိုအပ်သည်။ ထိုအခြေခံမှုကို လူထုလုပ်အားနှင့်လုပ်ကိုင်သော လုပ်ငန်းခွင်တွင်သာမက ကန်ထရိုက်တာများနှင့် လုပ်ကိုင်သော လုပ်ငန်းခွင်တွင်လည်း လိုက်နာကျင့်သုံးရန် လိုအပ်သည်။



## လုပ်ဆောင်ချက် (၆)

## လူထုဗဟိုပြုလုပ်ဆောင်သော စီမံကိန်းစက်ဝန်းများတွင် ကျား-မရေးရာကို ထည့်သွင်းလုပ်ဆောင်ရေး

စီမံကိန်းအကောင်အထည်ဖော်စဉ်တစ်လျှောက်လုံးတွင်ဆင်းရဲနွမ်းပါးသော/မြေယာမဲ့သော အမျိုးသမီးနှင့် အမျိုးသားထုတို့၏ အသံ/ လိုအပ်ချက်များ ထည့်သွင်း လုပ်ဆောင်ခြင်း။





မည်သည့်စီမံကိန်း လုပ်ဆောင်ချက်များတွင်မဆို (ဥပမာ- ကျေးရွာ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့် ဆုံးဖြတ်ချက်ချသည့်ကဏ္ဍများ) ဒေသရှိ အမျိုးသမီး အမျိုးသားတို့၏ အသံကို ထည့်သွင်းလုပ်ဆောင်ခြင်း။






မိမိတို့လုပ်ဆောင်နေသော စီမံကိန်း၏ ချမှတ်ထားသော ပန်းတိုင်၊ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ချက်များသည် မည်မျှ အောင်မြင်မှုရှိသည်၊ အကျိုးသက်ရောက်မှုရှိသည် စသည်တို့ကို တိုင်းတာရာတွင် စီမံကိန်းဒေသရှိ လူထုတို့၏အသံကို အသိအမှတ်ပြု လက်ခံသုံးသပ်ခြင်း။ လုပ်ငန်းကြီးကြပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ရလဒ်များကို စစ်ဆေးခြင်းများတွင်လည်း ထိုသူတို့၏ အသံကို နားထောင်ခြင်း စသည်တို့ကို လူထုဗဟိုပြုစီမံကိန်းမှ လုပ်ဆောင်လျက်ရှိပါသည်။




# ဘာတွေ အောင်မြင်မှု ရနေပြီလဲ


အရေအတွက်အားဖြင့် စီမံကိန်းစတုတ္ထနှစ်တွင်



ပါဝင်နေသော အကျိုးခံစားသူ (၅.၄၅) သန်းတွင် ၅၁% သည် အမျိုးသမီးများဖြစ်သည်။



အလုပ်အကိုင်အခွင့်အလမ်းကို ရရှိခဲ့သော လုပ်သား ၃၄၉,၁၁၃ ဦးတွင် ၄၂% မှာ အမျိုးသမီးများဖြစ်သည်။



စီမံကိန်းနှင့် ပတ်သက်သော သင်တန်းများ ရရှိခဲ့ပြီး စီမံကိန်းကို ဦးဆောင်ဦးရွက် ပြုနေသူ ကော်မတီဝင် ၁၂၄,၃၃၆ ဦးတွင် ၄၉% မှာ အမျိုးသမီးများဖြစ်သည်။

အရည်အသွေးအားဖြင့်

လေးမျက်နှာမြို့နယ်၊ အလုံကြီးကျေးရွာမှ လုပ်ငန်းကြီးကြပ် ကော်မတီဝင် အမျိုးသမီး တစ်ဦး ပြောပြသည်မှာ....

" အမျိုးသမီးထုတွေက အရမ်းကို တက်ကြွပြီး စီမံကိန်းကို စိတ်ဝင်စားပါတယ်။ ဒါကြောင့် ကျွန်မတို့ခေါင်းဆောင်ဖြစ်လို့ မရဘူးလား။ ကျွန်မတို့တွေက အမျိုးသားတွေထက် ရဲရင့်ပြီးအမြင်တွေကို ပြောပြရဲပါတယ်။ ပထမစီမံကိန်းစက်ဝန်းအတွက် ကော်မတီတွေဖွဲ့တုန်းက အမျိုးသမီးတွေ ခေါင်းဆောင်မလုပ်သင့်ဘူးလို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က ကျွန်မတို့ထက်စာရင် စာရေးစာဖတ် ပိုတတ်လို့ပါ။ ကျွန်မတို့က တရားဝင် ရာထူးပေးအပ်ခြင်း မခံရပေမဲ့ လက်တွေ့မှာ ဦးဆောင်နေရပါတယ်။ ဒီနှစ်မှာ ရရှိတဲ့ အတွေ့အကြုံတွေနဲ့ နောက်နှစ် စီမံကိန်းစက်ဝန်းမှာ ခေါင်းဆောင် လုပ်ဖို့ ယုံကြည်ချက်အပြည့် ရှိနေပါတယ်။ "

ချောင်းဆုံမြို့နယ်၊ ကော့ကဒဲ့ကျေးရွာမှ စီမံကိန်း ကော်မတီဝင် အမျိုးသမီးတစ်ဦးမှ ပြောပြသည်မှာ...

"အရင်က ဆိုင်ကယ်တက္ကစီ မောင်းတယ်ဆိုတာက အမျိုးသားအများစုကပဲ မောင်းသင့်တယ်လို့ ကျွန်မကရော၊ ကျွန်မပတ်ဝန်းကျင်ကရော လက်ခံထားကြတယ်။ အခုတော့ ဒီစီမံကိန်းကြောင့် အဲလိုအတွေးတွေ မရှိတော့ဘဲ ဆိုင်ကယ်တက္ကစီ မောင်းဖြစ်သွားတယ်။ အခုဆို ကျွန်မမှာ ပုံမှန်ဝင်ငွေ ၅၀၀၀ - ၆၀၀၀ ကြားမှာ ရနေပြီလေ။"

## ဘာအခက်အခဲတွေ ရှိနေသေးလဲ


စီမံကိန်းအကောင်အထည်ဖော်နေစဉ် အောင်မြင်မှုရှိသလို အောက်ပါအခက်အခဲများလည်း ရှိနေပါသေးတယ်

- မြေယာမဲ့ပြီး ဆင်းရဲနွမ်းပါးသောအမျိုးသမီးများ စီမံကိန်းတွင် တက်တက်ကြွကြွပါဝင်လာရန် ဟန့်တားလျက်ရှိသည်မှာ ၎င်းတို့ လက်တွေ့ကြုံတွေ့နေရသော စားဝတ်နေရေး အခက်အခဲများ၊
- လုပ်ငန်းကော်မတီများတွင် အမျိုးသမီးများ၊ အဖွဲ့ဝင်များ ခေါင်းဆောင်မှုအခန်းကဏ္ဍကို ရယူရန် တွန်းအားဖြစ်စေသော ယန္တရားအားနည်းမှု၊
- ဆင်းရဲနွမ်းပါးမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြဿနာများအား လျှော့ချနိုင်ရန်အတွက် အပယ်ခံထားရသော အမျိုးသား၊ အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး လက်ရှိ အခြေခံအဆောက်အအုံ ပံ့ပိုးမှုစီမံကိန်းနှင့် ချိတ်ဆက်ရန်အတွက် နည်းပညာနှင့် အချိန်အဟန့်အတားဖြစ်မှု၊
- အမျိုးသား၊ အမျိုးသမီးတို့အကြား လုပ်အားခ တန်းတူညီမျှပေးရေးနှင့် လုပ်ငန်းအတွင်း ကျား-မ ခွဲခြားမှုအား ချေဖျက်ရန်အတွက် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီနှင့် ကျေးရွာအဆင့် စီမံကိန်းအထောက်အကူပြု ကော်မတီတို့အား မည်ကဲ့သို့ တွန်းအားပေး လုပ်ဆောင်ရမည်ဟူသော နည်းလမ်း၊
- စီမံကိန်းအတွင်း သို့မဟုတ် ကန်ထရိုက်များအနေဖြင့် တူညီသောလုပ်ငန်းအတွက် တူညီသော လုပ်အားခပေးရန်နှင့် ပတ်သက်သော အခြေခံစည်းမျဉ်းများအပေါ် ပိုမိုနားလည်လာရန် လုပ်ဆောင်မည့်နည်းဗျူဟာ၊
- အပယ်ခံထားရသော ဆင်းရဲသူ အမျိုးသား၊ အမျိုးသမီးများနှင့် ဆက်သွယ်လုပ်ဆောင်ရန်အတွက် လူထုစည်းရုံးရေးမှူး/ဝန်ထမ်းများအား ထပ်လောင်းပေးသင့်သော စွမ်းဆောင်ရည်မြှင့်လုပ်ငန်းစဉ်များ ထည့်သွင်းရန် အချိန်အကန့်အသတ်ဖြစ်ခြင်း။

## ဒါကို ဘယ်လိုဖြေရှင်းကြမလဲ

### အောက်ပါအရေးကြီးသော အချက်များကို ထည့်သွင်းစဉ်းစားပြီလား....

အိမ်တွင်းမှုလုပ်ငန်းများနှင့် အလုပ်ရှုပ်နေသော အမျိုးသမီးတစ်ဦး ဝယ်ယူရေးကော်မတီတွင် ပါခဲ့သော် သူမ၏ ခင်ပွန်း သို့မဟုတ် အိမ်သားများမှ သူမ၏ မိသားစုတာဝန်များကို ဝေမျှထမ်းဆောင်ပေးခြင်း။







အခြားအပယ်ခံထားရသော၊ အစည်းအဝေးသို့ မတက်ရောက်နိုင်သော အမျိုးသမီး၊ အမျိုးသားတို့၏ လိုအပ်ချက်များ ထင်ဟပ်စေသော စီမံချက်မျိုးဖြစ်အောင် နည်းလမ်းရှာခြင်း။



အမျိုးသမီးအများစု
လုပ်ဆောင်သော
လုပ်ငန်းများသည် လုပ်အားခ
ပိုနည်းရခြင်းမှာ
၎င်းတို့၏
လုပ်ဆောင်ချက်များသည်
တန်ဖိုးနည်းသော လုပ်ငန်းများ
ဖြစ်သည့်အပြင်
အမျိုးသမီးများ
လုပ်သည့်အတွက် လုပ်ခ
ပို၍မပေးသင့်ဟူသော
အစွဲများ၊ ယုံကြည်မှုများကို
စီမံကိန်းမှ အမြင်ဖွင့်ပေးခြင်း။

စီမံကိန်းဦးတည်အုပ်စုရှိ
ကော်မတီဝင်
အမျိုးသမီးများအတွက်
သီးသန့် စွမ်းဆောင်ရည်မြှင့်
သင်တန်းများ ပြုလုပ်ပေးခြင်း။




အမျိုးသမီး အများစုပါဝင်နိုင်သော အချိန်၊ နေရာနှင့် အခြား အထူးအလေးပေး လုပ်ဆောင်ချက်များတို့ကို ဦးစားပေးလုပ်ဆောင်ခြင်း။




အရေးကြီးဆုံးအချက်မှာ စီမံကိန်းတွင်ပါဝင်သော အမျိုးသား၊ အမျိုးသမီးများကို စံပြပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြုပေးခြင်း။



# ကျေးလက်လူထု အခြေပြု
# ဖွံ့ဖြိုးမှုကို တို့ရေးရှု။



လူထုဗဟိုပြု စီမံကိန်း

ရုံးအမှတ် ၁၄၊ လူထုဗဟိုပြုစီမံကိန်း ရုံးအဖွဲ့၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်၊ မြန်မာ။ တယ်လီဖုန်း၊ ဖက်စ် + ၉၅ ၆၇ ၄၀၉၄၁၃။
www.cdd.drdmyanmar.org